# အိန္ဒိယနိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းကာလ စီးပွားရေးလှုံ့ဆော်မှု အစီအမံများ

၁။ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရင်ဒရာမိုဒီသည် ၁၂.၅.၂၀၂၀ နေ့တွင် ပြည်သူလူထုသို့ ရုပ်မြင်သံကြား မှတစ်ဆင့် မိန့်ခွန်းပြောကြားရာ၌ မေလ ၁၇ ရက်နေ့ နောက်ပိုင်း COVID-19 ဗိုင်းရပ်စ် တားဆီးထိန်း ချုပ်ရန်အတွက် အသွားအလာတားမြစ်ကန့်သတ်မှု ပုံစံအသစ် Lockdown 4.0 ဖြင့် ဆောင်ရွက်ရန်ရှိ ကြောင်းနှင့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် စီးပွားရေးကဏ္ဍအသီးသီး၌ သက်ရောက်ထိခိုက်မှုများကို ကုစား ရန်အတွက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး (GDP) ၏ ၁၀% ရှိသော ရူပီးငွေ ၂၀ ထရီလီယံ အထိ ကူညီထောက်ပံ့မည့် Atma Nirbhar Bharat အစီအစဉ်အား ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် ဘဏ္ဍာရေးဝန်ကြီး နီမာလာ ဆီသာရာမန်က မေလ ၁၃ ရက်မှ ၁၇ ရက် နေ့အတွင်း နေ့စဉ် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်၍ အဆိုပါ ကူညီထောက်ပံ့ရေး အစီအမံများနှင့် သက်ဆိုင်သည့်အချက်အလက်များအား အပိုင်းအလိုက် ထုတ်ဖော်ပြောကြားခဲ့ပါသည်။

**MSMEs လုပ်ငန်းများသို့ ကူညီထောက်ပံ့မည့် အစီအမံ**

၂။ အိန္ဒိယဘဏ္ဍာရေးဝန်ကြီး၏ ၁၃.၅.၂၀၂၀ ရက်နေ့၌ ရှင်းလင်းပြောကြားချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSMEs) များနှင့် ဆက်စပ်လျက်ရှိသည့် လုပ်ငန်းနယ်ပယ် များ၌ ရူပီးငွေ ၅.၉၄၅၅ ထရီလီယံခန့်တန်ဖိုးရှိသော အောက်ဖော်ပြပါ အစီအစဉ်များကို ဆောင်ရွက်မည် ဖြစ်ပါသည်-

(က) MSMEs လုပ်ငန်းပေါင်း ၄.၅ သန်းအတွက် အပေါင်ပစ္စည်းမဲ့ချေးငွေ ရူပီး ၃ ထရီလီယံအား ထုတ်ချေးပေးခြင်းဖြင့် လုပ်ငန်းများပြန်လည် စတင်လုပ်ဆောင်ပြီး အလုပ်အကိုင်ရရှိစေ မှုကို ထိန်းသိမ်းခြင်း၊

(ခ) ငွေဖြစ်လွယ်ရန်ခက်ခဲသည့် ပိုင်ဆိုင်မှုများ (NPA) များပြားနေသော သို့မဟုတ် ငွေကြေး အကျပ်အတည်း ဖိအားများနှင့် ရင်ဆိုင်နေရသော MSMEs ပေါင်း ၂ သိန်းခန့်အတွက် ဦးစားပေးအဆင့်နိမ့် ချေးငွေ (Subordinate Debt) ရူပီး ၂၀၀ ဘီလီယံ ချမှတ်ပေးခြင်း၊

(ဂ) MSMEs များသို့ ရှယ်ယာအရင်းအနှီးထောက်ပံ့ရေးဆိုင်ရာ ရန်ပုံငွေလုပ်ငန်းများ ထူထောင် လုပ်ကိုင်နိုင်ရန် ပင်မရန်ပုံငွေစနစ်တစ်ရပ်အား ရူပီးငွေ ၁၀၀ ဘီလီယံဖြင့် တည်ထောင်၍ ၁ အချိုး ၄ စနစ်ဖြင့် ရူပီးငွေ ၅၀၀ ဘီလီယံအထိ အထောက်အပံ့ရရှိစေခြင်း၊

(ဃ) MSMEs များ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အား ပြောင်းလဲပြင်ဆင်ခြင်းဖြင့် လုပ်ငန်းပမာဏ ကြီး မားလာသော်လည်း MSME ဆိုင်ရာ ချေးငွေနှင့် အခြားအထောက်အပံ့များ ရယူနိုင်ခွင့်ကို တိုးချဲ့ပေးခြင်း၊

(င) ကုန်စည်နှင့် ဝန်ဆောင်မှု တန်ဖိုးပမာဏ ရူပီးငွေ ၂ ဘီလီယံအောက်သာရှိသော အစိုးရ၏ ဝယ်ယူရေး လုပ်ငန်းများအား နိုင်ငံတကာတင်ဒါခေါ်ယူမှုမပြုပဲ ပြည်တွင်းမှသာ ဝယ်ယူ စေရေး လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များ ပြင်ဆင်ခြင်း၊

(စ) အလုပ်သမားများအနေဖြင့် လစာ၏ ၁၂% အား EPF လူမှုဖူလုံရေးရန်ပုံငွေသို့ လစဉ် ထည့်သွင်းရမှုကို သက်သာမှုရရှိစေရန် အလုပ်သမား ၇.၂ သန်း၏ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ မှ ဩဂုတ်လအထိ ၃ လစာ EPF ရန်ပုံငွေ ရူပီး ၂၅ ဘီလီယံအား အစိုးရမှ ပေးသွင်းခြင်း၊

(ဆ) EPF လူမှုဖူလုံရေးရန်ပုံငွေသို့ အလုပ်ရှင်နှင့် အလုပ်သမားတို့က လစာ၏ ၁၂% အား လစဉ် ပေးသွင်းရန် သတ်မှတ်ထားမှုကို နောက်ထပ် ၃ လအတွက် ၁၀% သာပေးသွင်းရန် လျှော့ချပေးခြင်းဖြင့် ရူပီးငွေ ၆၇.၅ ဘီလီယံခန့် အထောက်အပံ့ရရှိစေခြင်း၊

(ဇ) ဘဏ်လုပ်ငန်းမဟုတ်သော ငွေကြေးကုမ္ပဏီများ၊ အိမ်ရာရန်ပုံငွေကုမ္ပဏီများနှင့် အသေးစားငွေကြေးလုပ်ငန်းများအတွက် ရူပီးငွေ ၃၀၀ ဘီလီယံရှိသော ငွေဖြစ်လွယ်မှု အထောက်အပံ့ပြု အထူးအစီအစဉ် (Special Liquidity Scheme) အား ချမှတ်ဆောင်ရွက်ပေးခြင်း၊

(ဈ) အဆင့်သတ်မှတ်ချက်နိမ့်ကျသည့် ဘဏ်လုပ်ငန်းမဟုတ်သော ငွေကြေးကုမ္ပဏီများနှင့် အသေးစားငွေကြေးလုပ်ငန်းများ၏ ပေးရန်တာဝန်ရှိမှုအပေါ် အထောက်အပံ့ဖြစ်စေရန် အတွက် လက်ရှိဆောင်ရွက်လျက်ရှိသော ကြွေးမြီတစ်စိတ်တစ်ပိုင်း အာမခံမှုအစီအစဉ် အား Partial Credit Guarantee Scheme 2.0 အဖြစ် ရူပီးငွေ ၄၅၀ ဘီလီယံအထိ တိုးမြှင့်ပြင်ဆင်လျက် ပထမဆုံးအကြိမ် ငွေကြေးဆုံးရှုံးမှုအပေါ် အစိုးရက ၂၀% အထိ ပေးလျော်ခြင်း၊

(ည) လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကုမ္ပဏီများမှ လျှပ်စစ်ဓာတ်အားပို့ဆောင်ရေးနှင့် ထုတ်လုပ်ရေးကုမ္ပဏီများသို့ ပေးဆောင်ရန် စေ့ရောက်လျက်ရှိသော ကြွေးမြီများအတွက် ရူပီးငွေ ၉၀၀ ဘီလီယံရှိသော ငွေဖြစ်လွယ်မှု အထောက်အပံ့ပြုအစီအစဉ် ချမှတ်ဆောင်ရွက်ခြင်း၊

(ဋ) လစာမဟုတ်သော ဝင်ငွေဆိုင်ရာပေးချေမှုများအပေါ် ပင်ရင်းမှဖြတ်တောက်ရယူသည့် အခွန် (Tax Deduction at Source) နှင့် ဝယ်ယူသူ၏ကိုယ်စား ရောင်းချသူက ပေးဆောင်ရသည့် ပင်ရင်းမှ ကောက်ခံရယူသည့် အခွန် (Tax Collected at Source) တို့၏ ကောက်ခံမှုနှုန်းထားများအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ကုန်အထိ ၂၅% လျှော့ချကောက်ခံခြင်းဖြင့် ရူပီးငွေ ၅၀၀ ဘီလီယံအထိ သက်သာခွင့် ရရှိစေခြင်း။

၃။ အထက်ပါ ကူညီထောက်ပံ့မှု အစီအစဉ်များအပြင် ကုန်စည်ပြပွဲများ ကျင်းပနိုင်မှုမရှိသည့် အခြေအနေတွင် MSMEs လုပ်ငန်းများ၏ ဈေးကွက်မြှင့်တင်မှုအတွက် e-market ကွန်ယက် ချိတ်ဆက်မှုအား မြှင့်တင်ပေးမည်ဖြစ်ပြီး အစိုးရ၏ စီမံကိန်းလုပ်ငန်းများအား ကန်ထရိုက်ရယူလုပ်ကိုင်နေသည့် ကုမ္ပဏီများအတွက် လုပ်ငန်းပြီးစီးအပ်နှံရမည့်ကာလအား ၆ လရွှေ့ဆိုင်းရန် ခွင့်ပြုပေးမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး နီမာလာဆီသာရာမန်က ပြောကြားခဲ့ပါသည်။

**ရွှေ့ပြောင်းလုပ်သားများနှင့် လယ်သမားများသို့ ကူညီထောက်ပံ့မည့် အစီအမံ**

၄။ ၁၄.၅.၂၀၂၀ နေ့၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် စားဝတ်နေရေး အခက်အခဲကြုံနေရသည့် ရွှေ့ပြောင်းလုပ်သားများနှင့် လယ်သမားငယ်များသို့ ကူညီပံ့ပိုးမှုပြုမည့် အစီအမံများကို အိန္ဒိယဘဏ္ဍာရေးဝန်ကြီးက ရှင်းလင်းပြောကြားခဲ့ရာ တန်ဖိုးအားဖြင့် ရူပီးငွေ ၃.၁ ထရီလီယံခန့်ရှိကြောင်း အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

(က) ရွှေ့ပြောင်းလုပ်သား သန်း ၈၀ အတွက် ရူပီးငွေ ၃၅ ဘီလီယံ ကျခံသုံးစွဲလျက် မေလနှင့် ဇွန်လ ၂ လစာ စားနပ်ရိက္ခာ ထောက်ပံ့မှုအဖြစ် လူတစ်ဦးတစ်လလျှင် ဂျုံ သို့မဟုတ် ဆန်

၅ ကီလိုဂရမ်နှင့် မိသားစုတစ်စု တစ်လလျှင် ကုလားပဲ ၁ ကီလိုဂရမ်နှုန်းထားဖြင့် အစိုးရက အခမဲ့ထောက်ပံ့ပေးမည်ဖြစ်သည်။

(ခ) အသေးစားစီးပွားရေးလုပ်ငန်းများသို့ ရူပီးငွေ ၅ သောင်းအထိ ထုတ်ချေးပေးသည့် Mudra–Shishu Loans အစီအစဉ်၌ ဆိုင်းငံ့ကာလ ၃ လပြည့်မြောက်သည့် လက်ငင်းချေးငွေရယူသူများအား ၁၂ လတာကာလအတွက် အတိုးနှုန်း ၂% ဖြင့် စုစုပေါင်းချေးငွေ ရူပီး ၁၅ ဘီလီယံအထိ ထုတ်ချေးပေးမည်ဖြစ်သည်။

(ဂ) အလားတူ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များအတွက် တစ်ဦးလျှင် ရူပီးငွေ ၁ သောင်းအထိ ချေးယူနိုင်မည့် လုပ်ငန်းမတည်ငွေထုတ်ချေးပေးမှု အထူးအစီအစဉ်ကို ဈေးသည်ဦးရေ ၅ သန်းအတွက် ရူပီးငွေ ၅၀ ဘီလီယံ ချမှတ်ဆောင်ရွက်မည်ဖြစ်သည်။

(ဃ) ဝင်ငွေအလယ်အလတ်ရှိသူ မိသားစုများအတွက် အရစ်ကျအိမ်ရာဆောက်လုပ်မှု ချေးငွေ (Credit Linked Subsidy Scheme) အစီအစဉ်အား ၂၀၂၁ ခုနှစ်၊ မတ်လအထိကာလတိုးမြှင့်လျက် ရူပီးငွေ ၇၀၀ ဘီလီယံအထိ ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ရာ အိမ်ထောင်စု ၂.၅ သိန်းခန့်မှ ရယူနိုင်မည်ဖြစ်သည်။

(င) ငွေကြေးအရင်းအမြစ် လုံလောက်စွာရရှိနိုင်မှုမရှိသော တောင်သူလယ်သမားငယ် သန်း ၃၀ ခန့်အတွက် အရေးပေါ်ထပ်ဆောင်းမတည်ရင်းနှီးငွေ ရူပီး ၃၀၀ ဘီလီယံကို ကျေးလက်သမဝါယမဘဏ်များနှင့် ကျေးလက်ဒေသဆိုင်ရာဘဏ်များမှတစ်ဆင့် ထုတ်ချေးပေးမည်ဖြစ်သည်။ ထို့အပြင် တံငါသည်များနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအပါအဝင် အခြားသော တောင်သူလယ်သမား ၂၅ သန်းထံသို့လည်း အထူးသက်သော အတိုးနှုန်းဖြင့် Kisan Credit Cards စနစ်မှတစ်ဆင့် ချေးငွေရူပီး ၂ ထရီလီယံ ထုတ်ချေးပေးမည်ဖြစ်သည်။

၅။ အိန္ဒိယအစိုးရအနေဖြင့် အထက်ပါ ထောက်ပံ့မှုများအပြင် အိမ်ထောင်စုရိက္ခာခွဲတမ်း မှတ်ပုံတင်လက်မှတ် (Ration card) ဖြင့် နိုင်ငံတစ်ဝန်းရှိ အစိုးရ၏ မည်သည့်ရိက္ခာခွဲတမ်း အရောင်းဆိုင်တွင်မဆို ဝယ်ယူခွင့်ပြုမည့် One Nation One Ration Card စနစ်ကို နည်းပညာများအသုံးပြုလျက် ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့အပြီး တည်ထောင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဤစနစ်က နေအိမ်အတည်တကျမရှိသော ရွှေ့ပြောင်းလုပ်သားမိသားစုများအတွက် ၎င်းတို့ရောက်ရှိနေထိုင်သည့် ပြည်နယ်များ၌ အစိုးရ၏အရောင်းဆိုင်များတွင် စားနပ်ရိက္ခာများအား ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်စေမည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းလုပ်သားများနှင့် မြို့ပြဒေသများရှိ ဆင်းရဲနွမ်းပါးသူလူတန်းစားများအတွက် နေထိုင်မှုအဆင်ပြေစေရန် ငှားရမ်းခနှုန်းထားသက်သာသည့် အိမ်ရာများ (Affordable Rental Housing Complexes–ARHC) အား အစိုးရ– ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (PPP) စနစ်ဖြင့် မြို့ပြများ၌ အစိုးရ၏ ရန်ပုံငွေများ ကျခံသုံးစွဲလျက် တည်ဆောက်ခြင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများက ၎င်းတို့ပိုင်မြေပေါ်၌ ARHC များတည်ဆောက်၍ လုပ်ကိုင်ခွင့်ပြုခြင်း၊ ပြည်နယ်ဒေသန္တရ အာဏာပိုင်အဖွဲ့အစည်းများက အလားတူ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာနမှ လိုအပ်သော လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်ပေးမည်ဖြစ်ကြောင်း၊ မြို့ပြဒေသများအပါအဝင် ပြည်နယ်များ၌ သစ်တောစိုက်

ခင်းများ ထူထောင်လုပ်ကိုင်ခြင်းမှ အလုပ်အကိုင်ရရှိစေမှုကို အထောက်အပံ့ဖြစ်စေရန်အတွက် ရန်ပုံငွေ ရူပီး ၆၀ ဘီလီယံကိုလည်း လျာထားကြောင်းဖြင့် ဘဏ္ဍာရေးဝန်ကြီး နီမာလာဆီသာရာမန်က ပြောကြားခဲ့ပါသည်။

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကဏ္ဍသို့ ကူညီထောက်ပံ့မည့် အစီအမံ**

၆။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရန် ရူပီးငွေ ၂၀ ထရီလီယံအား သုံးစွဲမည့် အစီအမံများအနက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကဏ္ဍရှိ အခြေခံအဆောက်အအုံများနှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းကဏ္ဍများ၌ စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် ရူပီးငွေ ၁.၅ ထရီလီယံ ကျခံသုံးစွဲမည့်အစီအစဉ်များ ပါဝင်ကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီးက ၁၅.၅.၂၀၂၀ နေ့တွင် ဆက်လက်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ပြောဆိုခဲ့ရာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

(က) တောင်သူများ၏ လုပ်ငန်းခွင်နှင့် ထုတ်လုပ်သည့်သီးနှံများအား စုစည်းသည့်နေရာများတွင် အအေးခန်းသိုလှောင်ရုံများအပါအဝင် ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံအဆောက်အအုံများမြှင့်တင်ရေး ဆောင်ရွက်ရန်အတွက် လယ်ယာကုန်ထုတ်သမဝါယမအသင်းအဖွဲ့များ၊ တောင်သူလယ်သမားအသင်းများ၊ စိုက်ပျိုးထုတ်လုပ်သူလုပ်ငန်းရှင်များသို့ ရူပီး ၁ ထရီလီယံရှိသည့် လယ်ယာစိုက်ပျိုးရေး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးရန်ပုံငွေ ထားရှိပေးခြင်း၊

(ခ) အသေးစား စားသောက်ကုန်လုပ်ငန်း (Micro Food Enterprises) ပေါင်း ၂ သိန်း၏ စားသောက်ကုန်ဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ ပြည့်မီစေရန်နှင့် ဈေးကွက်ဝင်ရောက်မှု အထောက်အကူဖြစ်စေရန်အတွက် ရူပီးငွေ ၁၀၀ ဘီလီယံရှိသည့် လုပ်ငန်းဖော်ဆောင်ရေး အထောက်အပံ့အစီအစဉ်အား ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) Pradhan Mantri Matsya Sampada Yojana (PMMSY) အစီအစဉ်မှတစ်ဆင့် ရေချိုရေငန်ငါးဖမ်းလုပ်ငန်းများနှင့် ငါးပုစွန်မွေးမြူရေးလုပ်ငန်းများသို့ ရူပီးငွေ ၁၁၀ ဘီလီယံအထိ ကူညီထောက်ပံ့ခြင်း၊ အအေးခန်းသိုလှောင်မှု၊ ငါးလုပ်ငန်းဈေးကွက်နှင့် ဆိပ်ကမ်းဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးအတွက် ရူပီးငွေ ၉၀ ဘီလီယံရှိသော ဖွံ့ဖြိုးရေးရန်ပုံငွေ ထားရှိပေးခြင်း၊

(ဃ) နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်း၌ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို ကူညီထောက်ပံ့ရန်အတွက် တိရစ္ဆာန်မွေးမြူရေး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးရန်ပုံငွေ ရူပီး ၁၅၀ ဘီလီယံ ထားရှိဆောင်ရွက်ခြင်း၊

(င) ဆေးဖက်ဝင်အပင်များ စိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်ရန်အတွက် ရန်ပုံငွေ ရူပီး ၄၀ ဘီလီယံ ထားရှိဆောင်ရွက်ခြင်း၊

(စ) ဝတ်မှုန်ကူးခြင်းမှတစ်ဆင့် သီးနှံများ၏ အရည်အသွေးနှင့်အထွက်နှုန်းကို မြှင့်တင်နိုင်ရန်အတွက် ပျားမွေးမြူရေးလုပ်ငန်းများ၏ ရိတ်သိမ်းချိန်လွန် လုပ်ငန်းဆောင်ရွက်မှု၊ စံချိန်

စံညွှန်းနှင့် နောက်ကြောင်းခြေရာခံစနစ် ထူထောင်ဆောင်ရွက်မှုတို့တွင် ရန်ပုံငွေရူပီး ၅ ဘီလီယံထားရှိဆောင်ရွက်ခြင်း၊

(ဆ) ခရမ်းချဉ်သီး၊ ကြက်သွန်နီနှင့် အာလူးတို့အပါအဝင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ၏ သွင်းအားစုကွင်းဆက် ပုံမှန်တည်ရှိနေစေရေးအတွက် ရန်ပုံငွေ ရူပီး ၅ ဘီလီယံထားရှိလျက် သယ်ယူပို့ဆောင်မှုနှင့် သိုလှောင်ထိန်းသိမ်းမှုဆိုင်ရာ လုပ်ဆောင်မှုများ၌ ထောက်ပံ့ကြေးထုတ်ပေးခြင်း။

၇။ အထက်ပါ ကူညီထောက်ပံ့မှုများအပြင် လယ်ယာထွက်ကုန်သီးနှံများအား ပြည်ပတင်ပို့မှု၊ ပြည်တွင်း၌ ကုန်စည်စီးဆင်းမှုတို့ကို မြှင့်တင်နိုင်ရန်အတွက် အရေးကြီးကုန်စည်များအက်ဥပဒေအား ပြင်ဆင်ခြင်း၊ လယ်ယာထွက်ကုန်များ၏ ဈေးနှုန်းနှင့် အရည်အသွေး ခိုင်မာသေချာမှုဆိုင်ရာ လုပ်ငန်းမူဘောင် ချမှတ် ဖော်ဆောင်ခြင်းတို့ကိုလည်း ဆောင်ရွက်မည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး နီမာလာဆီသာရာမန်က ပြောကြားခဲ့ပါသည်။

**အခြေခံပြုပြင်ပြောင်းလဲမှု ဖော်ဆောင်ရေးအစီအမံများ**

၈။ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲ၌ အိန္ဒိယ ဘဏ္ဍာရေးဝန်ကြီးက အိန္ဒိယနိုင်ငံအနေဖြင့် ကုန်ထုတ်လုပ်ငန်းများ၌ သွင်းကုန်အပေါ်အမှီပြုနေရမှုကို လျှော့ချလျက် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေးအတွက် အဓိကလုပ်ငန်းကဏ္ဍများတွင် မူဝါဒဆိုင်ရာ အခြေခံပြုပြင်ပြောင်းလဲမှုများကို ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆိုင်ရာ လျှောက်ထားမှုများအား လျင်မြန်စွာ ရှင်းလင်းခွင့်ပြုပေးနိုင်ရန်အတွက် ဝန်ကြီးဌာနများမှ အတွင်းဝန်များပါဝင်သည့် လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ ထို့အပြင် ဝန်ကြီးဌာနတိုင်း၌ ဗဟိုအစိုးရ/ ပြည်နယ်အစိုးရ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများအကြား ပေါင်းစပ်ညှိနှိုင်းပေးရန် စီမံကိန်းလုပ်ငန်း ဖွံ့ဖြိုးရေးအဖွဲ့များကိုလည်း ထူထောင်ထားရှိပြီးဖြစ်ကြောင်း၊ ဧရိယာအကျယ်အဝန်း ဟက်တာ ၅ သိန်းခန့်နေရာချထားပြီး လုပ်ဆောင်လျက်ရှိသော စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်ပေါင်း ၃၃၇၆ ခုရှိ လုပ်ငန်းများအား စက်မှုလုပ်ငန်းသတင်းအချက်အလက်စနစ် (Industrial Information System) တွင် ထည့်သွင်းထားပြီးဖြစ်ရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း စက်မှုဇုန်များအားလုံးကို အဆင့်အတန်း သတ်မှတ်လုပ်ဆောင်စေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၉။ မူဝါဒဆိုင်ရာ အခြေခံပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ရာတွင် ကျောက်မီးသွေးနှင့် ဓာတ်သတ္တုထုတ်လုပ်မှုကဏ္ဍ၌ စီးပွားဖြစ် တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများအား ထုတ်လုပ်မှုအပေါ် ခွဲဝေအကျိုးခံစားခွင့်ပြုခြင်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းနယ်ပယ်သို့ ဝင်ရောက်လုပ်ကိုင်ခွင့်ဆိုင်ရာ ကန့်သတ်ချက်များအား ဖြေလျော့ခြင်း၊ တစ်စိတ်တစ်ပိုင်းမျှသာ တူးဖော်ရရှိသည့် ကျောက်မီးသွေးများအား ရှာဖွေမှုနှင့် ထုတ်လုပ်မှု (Exploration-cum-production) အဖြစ် တစ်ပေါင်းတည်း လုပ်ကိုင်ခွင့်ပြုခြင်း၊ သတ်မှတ်ကာလထက် ပိုမိုဆောလျင်စွာ ထုတ်လုပ်နိုင်ရန် ဆွဲဆောင်မှုအဖြစ် ထုတ်လုပ်မှုပမာဏမှ ထပ်ဆောင်းအကျိုးခံစားခွင့် (rebate in revenue-share) ပေးခြင်း၊ ကျောက်မီးသွေးမှ လောင်စာဓါတ်ငွေ့နှင့် အရည်ပြောင်းလဲထုတ်လုပ်မှု (Coal Gasification/ Liquefication) တို့အား ထုတ်လုပ်မှုပမာဏမှ ထပ်ဆောင်းအကျိုးခံစားခွင့်ပြုခြင်း စသည်တို့ပါဝင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၀။ ကာကွယ်ရေးပစ္စည်းများအား ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး မူဝါဒပိုင်းဖြေလျော့မှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြို့ပြလေကြောင်းပို့ဆောင်ရေးနှင့်စပ်လျဉ်း၍ လေဆိပ်တည်ဆောက်မှုနှင့် လေယာဉ်ပြင်ဆင်ထိန်းသိမ်းမှု လုပ်ငန်းများတွင်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေများ၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုလုပ်ငန်း၊ အာကာသဝန်ဆောင်မှုလုပ်ငန်းနှင့် အဏုမြူစွမ်းအင်လုပ်ငန်းတို့၌လည်းကောင်း ပုဂ္ဂလိကအခန်းကဏ္ဍမှပါဝင်မှုကိုမြှင့်တင်ရန် ပြုပြင်ပြောင်းလဲမှုများဖော်ဆောင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုဆိုင်ရာ အခွန်ကောက်ခံမှု မူဝါဒများဖြေလျော့မှုပြုမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး နီမာလာဆီသာရာမန်၏ ရှင်းလင်းတင်ပြချက်များအရ တွေ့ရှိရပါသည်။

၁၁။ ၁၇.၅.၂၀၂၀ နေ့တွင်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ဝန်ကြီး နီမာလာဆီသာရာမန်က အိန္ဒိယအစိုးရအနေဖြင့် အလားအလာကောင်းသော အခြေခံအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများသို့ မတည်ငွေရင်းထည့်ဝင်သည့် ရန်ပုံငွေအား ရူပီး ၈၁ ဘီလီယံထားရှိပေးမည့်အပြင် အမျိုးသားအဆင့် ကျေးလက်အလုပ်အကိုင်အာမခံချက် အက်ဥပဒေအရ ဆောင်ရွက်လျက်ရှိသော မဟတ္တမဂန္ဒီကျေးလက်ဒေသ အလုပ်အကိုင်ရရှိမှုအစီအစဉ် (MGNREGS) သို့လည်း ရန်ပုံငွေရူပီး ၄၀၀ ဘီလီယံ တိုးမြှင့်ပေးမည်ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှုများအား အောက်ဖော်ပြပါအတိုင်း လုပ်ငန်းစဉ်များဖြင့်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်–

(က) မဟတ္တမဂန္ဒီ ကျေးလက်ဒေသ အလုပ်အကိုင်ရရှိမှုအစီအစဉ် (MGNREGS) ၌ရန်ပုံငွေတိုးမြှင့်သုံးစွဲလျက် ဘဏ္ဍာရေးနှစ် ၁ နှစ်ကာလအတွင်း အလုပ်အကိုင်သန်း ၃၀၀၀ (လူဦးရေ × နေ့ရက်) ရရှိစေခြင်း၊

(ခ) နိုင်ငံအတွင်း ခရိုင်အဆင့်တိုင်း၌ ကူးစက်ရောဂါကုသမှုဆေးရုံအားလည်းကောင်း၊ ၎င်းအောက် တစ်ဆင့်နိမ့်သည့် စီရင်စုအဆင့်တိုင်း၌ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲခန်းများကိုလည်းကောင်း တည်ဆောက်ခြင်း၊

(ဂ) PM eVidya ခေါ် Digital Platform, Television, Radio, Community Radio, Podcast စသည့် နည်းစနစ်များအသုံးပြုသည့် ဘက်စုံသင်ကြားမှုစနစ်အား လက်ငင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အဓိက တက္ကသိုလ်ပေါင်း ၁၀၀ ခန့်အား Online Courses စနစ်ဖြင့် မေလ ၃၀ ရက်နေ့မှ ပြန်လည်စတင်ဖွင့်လှစ်ခြင်း၊

(ဃ) MSMEs များအတွက် ဒေဝါလီခံမှုဆိုင်ရာ အနိမ့်ဆုံးပမာဏ သတ်မှတ်ချက် ရူပီး ၁ သိန်းအား ရူပီးသိန်း ၁၀၀ သို့ တိုးမြှင့်သတ်မှတ်မှုနှင့်အတူ MSMEs အား လူမွဲခံမှုကိစ္စရပ်အသစ်များဖွင့်လှစ်၍ အရေးယူဆောင်ရွက်မှုအား ၁ နှစ် ဆိုင်းငံ့ခွင့်ပြုခြင်း၊ ကြွေးမဆပ်နိုင်မှုနှင့်လူမွဲခံမှု ဥပဒေပါ အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် COVID-19 နှင့်သက်ဆိုင်မှုရှိသော ကြွေးမြီအား ကင်းလွတ်ခွင့်ပြုရန် ဗဟိုအစိုးရသို့ အခွင့်အာဏာအပ်နှင်းရေး ဆောင်ရွက်ခြင်း၊

(င) ကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များအပေါ် ဖေါက်ဖျက်ကျူးလွန်သည့် အသေးစားအမှုငယ်များအား ရာဇဝတ်ကြောင်းအရ အရေးယူပြစ်ဒဏ်ချမှတ်မှု မပြုရေး ဖြေလျော့ဆောင်ရွက်ခြင်း၊

(စ) နိုင်ငံခြားတိုင်းပြည်များရှိ စီရင်ပိုင်ခွင့်အာဏာအောက်ရှိ စတော့ရှယ်ယာဈေးကွက်များ၌ အိန္ဒိယနိုင်ငံသားပိုင်ကုမ္ပဏီများအား စာရင်းသွင်းပါဝင်ခွင့်ပြုခြင်းအပါအဝင် အခြားသော စီးပွားရေးလုပ်ဆောင်ရန် လွယ်ကူစေမှုဆိုင်ရာ ပြောင်းလဲမှု များ ဖော်ဆောင်ခြင်း၊

(ဆ) နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအဖြစ် ပါဝင်ဆောင်ရွက်ရန် လိုအပ်သည့် မဟာဗျူဟာ လုပ်ငန်းကဏ္ဍများအား သတ်မှတ်၍ စာရင်းထုတ်ပြန်သကဲ့သို့ ပုဂ္ဂလိကကဏ္ဍမှလည်း ၎င်းလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခွင့်ပြုခြင်း၊ အဆိုပါစာရင်း၌ ပါဝင်ခြင်းမရှိတော့သည့် အစိုးရပိုင်လုပ်ငန်းများအား ပုဂ္ဂလိကပိုင်အဖြစ်သို့ ပြောင်းလဲဆောင်ရွက်ခြင်း၊

(ဇ) ပြည်နယ်အစိုးရအဖွဲ့များ၏ ငွေချေးယူနိုင်မှုပမာဏ ၃% သတ်မှတ်ထားရှိမှုအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှစ၍ ၅% သို့တိုးမြှင့်လျက် ငွေကြေးအရင်းအမြစ် ရူပီးငွေ ၄.၂၈ ထရီလီယံ ပိုမိုရရှိဆောင်ရွက်စေခြင်း။

၁၂။ အိန္ဒိယဘဏ္ဍာရေးဝန်ကြီး နီမာလာဆီသာရာမန်၏ ၅ ရက်တာအတွင်း သတင်းစာရှင်းလင်းပွဲများ၌ ရှင်းလင်းပြောဆိုမှုများအရ အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ၏ ရူပီး ၂၀ ထရီလီယံရှိသော Atma Nirbhar Bharat ခေါ် စီးပွားရေးလှုံ့ဆော်မှု ထောက်ပံ့ရေးအစီအစဉ်တွင် ရူပီးငွေ ၁၁.၀၂၆၅ ထရီလီယံရှိသောအစီအမံများ ပါဝင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ဘဏ္ဍာရေးဝန်ကြီး နီမာလာဆီသာရာမန်က ကျန်ရှိသော ၉ ထရီလီယံတန်ဖိုးရှိသည့် အစီအမံများတွင် Lock-down ကာလအစောပိုင်း၌ ဝန်ကြီးချုပ်က ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်သော PMGKBY Scheme ဟုအမည်ရသည့် ရူပီး ၁.၇ ထရီလီယံရှိသည့် အခြေခံလူတန်းစားများအား အထောက်အပံ့ပေးမည့်အစီအစဉ်၊ ရူပီး ၀.၁၅ ထရီလီယံ တန်ဖိုးရှိသော ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်မည့်အစီအစဉ်၊ မတ်လ ၂၂ ရက်နေ့နောက်ပိုင်းမှစ၍ အခွန်လျှော့ချကောက်ခံမှုမှ ရူပီးငွေ ၀.၀၇၈ ထရီလီယံတန်ဖိုးရှိသော အထောက်အပံ့နှင့် အိန္ဒိယဗဟိုဘဏ်မှ စီစဉ်ဆောင်ရွက်မည့် ရူပီး ၈.၀၁ ထရီလီယံရှိသည့် ငွေဖြစ်လွယ်မှု အထောက်အကူပြုအစီအစဉ်များ ပါဝင်ကြောင်း သိရှိပါသည်။

၁၃။ အိန္ဒိယအစိုးရ Atma Nirbhar Bharat စီးပွားရေးလှုံ့ဆော်မှုအစီအမံများနှင့်ပတ်သက်၍ အချို့သောအိန္ဒိယစီးပွားရေးပညာရှင်များက ညီညွတ်မျှတပြီး သင့်လျော်ကောင်းမွန်မှုရှိကြောင်း ပြောဆိုမှုများရှိသကဲ့သို့ အချို့ကမူ ယခုအစီအမံသည် သွင်းအားစုကဏ္ဍအပိုင်းကိုသာ အလေးပေး ဖြေရှင်းဆောင်ရွက်ထားပြီး လူစွမ်းအားအရင်းအမြစ်နှင့် ထုတ်ကုန်များအပေါ် ဝယ်လိုအားဆိုင်ရာ ဖြေရှင်းဆောင်ရွက်မှုများ ပိုမိုပါဝင်ရန် လိုအပ်နေသေးကြောင်း ဝေဖန်သုံးသပ်လျက် ရှိကြပါသည်။

(မြန်မာစီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: 1. First part of the Rs 20 lakh crore economic stimulus unveiled, 13 May 2020, Economic Times

2. Finance Minister announce measures for relief and credit support related to businesses, especially MSMEs to support Indian Economy’s fight against COVID-19, 13 May 2020, Press Information Bureau, Government of India

3. The Second Tranche of COVID–19 Relief Fund, 15 May 2020, outlookindia.com

4. 2nd tranche of economic package to focus on migrant workers, small farmers, 15 May 2020, Economic Times

5. Nirmala Sitharaman focuses on agri sector in 3rd tranche of Covid–19 package, 15 May 2020, India Today

6. Structural reforms in coal, defence prod, aviation focus of 4th tranche of economic package, 16 May 2020, Economic Times

7. Fifth and final tranche moves to further easing of curbs in doing business, 17 May 2020, Economic Times

8. Who said India’s Covid stimulus package is way less than others, 20 May 2020, Economic Times

9. A well–balanced stimulus package, 26 May 2020, The Hindu